Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



# Network for Democracy and Development
## Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (010/2010)
# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၁၀/၂၀၁၀)

၂၀၁၀ ခုနှစ်၊ မတ် (၂၈) ရက်နေ့မှ ဧပြီလ (၃) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- နအဖ၏ အကန့်အသတ်များလှသည့် ရွေးကောက်ပွဲဥပဒေများကြောင့် ပါတီမှတ်ပုံတင်ရေးမတင်ရေး နိုင်ငံရေးပါတီများ အကြပ်အတည်းဆိုက်ရောက်နေချိန်တွင် ပါတီမှတ်ပုံမတင်ရသေးသည့် ကြံ့ဖွံ့အသင်းက စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နေသည်။ **(DVB 280310)** **Read More...**
- ယခုလ ၂၃ ရက်တွင် ဝဒေသအတွင်းမှ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လက်အောက်ခံ ဝန်ထမ်းများကို ၎င်းဒေသ၌ ခွင့်ရက်ရှည်ဖြင့် ထွက်ခွာစေပြီးနောက်ပိုင်း ဝတပ်ဖွဲ့ထိန်းချုပ်ရာ ဒေသအတွင်းသို့ အရပ်သားများ ဝင်ရောက်မှုကို နအဖဘက်က တင်းကျပ်စွာ စစ်ဆေးပြီးမှသာ ဝင်ခွင့်ပြုနေသည်။ **(NEJ 290310)** **Read More...**
- စစ်အစိုးရဖွဲ့စည်းထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့) က နာမည်တူ ကြံ့ဖွံ့ပါတီအဖြစ်ပင် အသွင်ပြောင်းကာ ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ၎င်းအသင်းမှ ထိပ်တန်းခေါင်းဆောင်တစ်ဦးက ပြောသည်။ **(Mizzima 290310)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲအနိုင်ရသွားလျှင် မြန်မာပြည်ကို အမေရိကန်လွှမ်းမိုးသွားမည်ဖြစ်ကြောင်း နာမည်ကြီးနေသော ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြောသည်။ **(Mizzima 290310)** **Read More...**
- ရန်ကုန်တိုင်းအတွင်း ကျင်းပပြုလုပ်မည့်စာပေနှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများပြုလုပ်ခွင့်ကို ယခင်ကထက်စိစစ်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဟု ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးကပြောသည်။ **(Mizzima 290310)** **Read More...**
- ရွေးကောက်ပွဲပုံကန်မှုများ ကာကွယ်ရန်အတွက် ရန်ကုန်မြို့တွင် ယနေ့မှစ၍ လုံခြုံရေးတိုးမြှင့်တော့မည်ဖြစ်ကြောင်း အာဏာ ပိုင်အဖွဲ့တစ်ခုဖြစ်သော (တယက)မှ အရာရှိတစ်ဦးက ပြောသည်။ **(NEJ 300310)** **Read More...**
- နအဖစစ်ခေါင်းဆောင်များနှင့် အလွန်နီးစပ်သော မူဆလင်စီးပွားရေးသမား ဦးအောင်နိုင်နှင့် ဦးအောင်ဇော်ဝင်းတို့က ယခုနှစ်ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ် မောင်တောမြို့ကြံ့ဖွံ့ပါတီကိုယ်စား ဦးဆောင်ရန်အတွက် မြို့နယ်ဗဟိုအလုပ်အမှုဆောင်ကော်မတီအား ဖွဲ့စည်းရန် စီစဉ်နေကြောင်း မူဆလင်လူငယ်တစ်ဦးကပြောသည်။ **(Narinjara 300310)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများအနေဖြင့် ပါတီမူဝါဒသဘောထားနှင့် မဲဆွယ်စည်းရုံးရေးဆိုင်ရာစာအုပ်နှင့် လက်ကမ်းစာစောင်များကို ပြည်တွင်းထုတ် အပတ်စဉ် ပုဂ္ဂလိကဂျာနယ်များကဲ့သို့ သတ်မှတ်ထားသည့်စည်းကမ်းချက်အတိုင်း ထုတ်ဝေရမည်ဖြစ်ကြောင်း စာပေစိစစ်ကြီးကြပ်မှုဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(NEJ 310310)** Read More...
- ပြည်တွင်းသတင်း အချက်အလက်များ ပြည်ပမီဒီယာများသို့ စီးဆင်းမှုအားအဆင့်မြင့် နည်းပညာသုံး၍ ပိုမိုထိန်းချုပ်နိုင်ရန်အတွက် တပ်မတော်ကွန်ပျူတာကွန်ရက်များ ညွှန်ကြားရေးမှူးရုံး (ကက–ကွန်)က တိုးမြှင့်စီစဉ်နေကြောင်း နီးစပ်သူများက ပြောသည်။ **(NEJ 310310)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲအတွက် ပြင်ဆင်သည့်စည်းရုံးရေးခရီးစဉ်အဖြစ် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကချင်ပြည်နယ်ဗန်းမော်နယ်ဖွား စစ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ထိပ်တန်းအရာရှိများနှင့်အတူ ဗန်းမော်မြို့ကို ယနေ့ရောက်ရှိလာကြောင်း မြို့ခံများကပြောသည်။ **(RFA 310310)** Read More...
- သျှမ်းပြည်မြောက်ပိုင်း အပ်စရပ် **SSA** နှင့် **UWSA** ထိန်းချုပ်နယ်မြေအနီးရှိ တန်းယန်း၊ မိုင်းရယ်မြို့များတွင် အခြေစိုက်ထားသော နအဖစစ်တပ်များမှ အိမ်ထောင်သည်စစ်သည်များ၏ဇနီးများကို သက်ဆိုင်ရာတပ်ရင်းများ၌ လက်နက်ငယ် ကျွမ်းကျင်မှုပါဝင်သော အခြေခံစစ်ပညာအား အသုတ်လိုက်ခွဲ၍ သင်တန်းပေးနေကြောင်း စစ်တပ်မိသားစုဝင်တစ်ဦး ကပြောသည်။ **(S.H.A.N 310310)** Read More...
- နတလဝန်ထမ်းများနှင့် **NGO** ဝန်ထမ်းများခွင့်ရက်ရှည်ပေး၍ နေရပ်ပြန်ရန် နအဖအာဏာပိုင်များညွှန်ကြားလိုက်ပြီးနောက်ပိုင်းတွင် ဝ နယ်သို့စားနပ်ရိက္ခာတင်ဆောင်ခွင့်ကိုပါ ပိတ်ပင်လိုက်သည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 310310)** Read More...
- လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရန် ဟိုတယ်လုပ်ငန်းရှင်များကို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က စည်းရုံးနေကြောင်း ရန်ကုန်မြို့မှ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ **(NEJ 020410)** Read More...
- ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ရွေးကောက်ပွဲတွင် မဲများစွာရရှိရန်အတွက် စည်းရုံးရေးလုပ်ငန်းများပြုလုပ်သည့်အနေဖြင့် ရပ်ကွက်လမ်းများကို ပြုပြင်ပေးနေကြောင်း မြို့ခံတစ်ဦးက ပြောသည်။ **(Yoma3 020410)** Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- မန္တလေးမြို့ နေရာအတော်များများတွင် **Free** (လွတ်မြောက်ပါစေ) ဆိုသည့် စာတန်းများကို ဆေးနီများနှင့် နံရံများ၌ လိုက်ရေးနေသကဲ့သို့ **NLD** ၏ ရွှေဂုံတိုင်ကြေညာစာတမ်းအတိုင်း အားလုံးဝန်းရံတိုက်ပွဲဝင်ကြရန် နှိုးဆော်စာများ ဖြန့်ဝေ နေကြောင်း မန္တလေးမြို့ခံများက ပြောသည်။ **(RFA 280310)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မွန်ပြည်နယ်စည်းရုံးရေးအဖွဲ့ဝင်များမှ ဗဟိုဦးစီးအဖွဲ့ဝင်များ၏ အထူးအစည်းအဝေးတစ်ရပ်ကို ယနေ့တွင် မွန်ပြည်နယ် ဥက္ကဋ္ဌ ဦးလွန်းတင်၏ နေအိမ် (ရန်ကုန်)တွင် ကျင်းပပြုလုပ်ခဲ့ရာ ရွေးကောက်ပွဲမဝင်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ **(Kaowao 280310)** Read More...
- နအဖထုတ်ပြန်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် တရားမျှတမှု လုံးဝမရှိသဖြင့် ယနေ့ပြုပ်လုပ်သည့် ဗဟိုဦးစီးအဖွဲ့ဝင်များ၏ ဆွေးနွေးချက်အရ ကန့်ကွက်သူမရှိ သဘောတူလိုက်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် ပါတီအဖြစ် ထပ်မံမှတ်ပုံတင်တော့မည်မဟုတ်ကြောင်း ဆုံးဖြတ်လိုက်သည်။ **(NEJ 290310)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အနေဖြင့် ယခုနှစ် နအဖပြုလုပ်မည့်ရွေးကောက်ပွဲတွင် ပါတီမှတ်ပုံမတင်သော်လည်း ပါတီပျက်ပြယ်သွားမည်မဟုတ်ကြောင်း ဒု–ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(RFA 290310)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲတွင် ပါတီမှတ်ပုံမတင်ရေး **NLD** က ဆုံးဖြတ်လိုက်အပြီးတွင် ပါတီအဖြစ်ဆက်ရပ်တည်ခွင့် မရသော်လည်း နည်းပေါင်းစုံနှင့် ဆက်လက်လှုပ်ရှားသွားမည်ဟု မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသိန်းလွင်ကပြောသည်။ **(BBC 300310)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံမတင်ကြောင်း ဆုံးဖြတ်လိုက်သည့်အပေါ် စစ်အစိုးရက ဖြိုခွင်းမှုအသစ်များ ပြုလုပ်လာနိုင်ကြောင်း အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က သတိပေးပြောကြားလိုက်သည်။ **(Mizzima 300310)** Read More...
- အဖွဲ့ချုပ်ဖျက်သိမ်းခံရလျှင် အဖွဲ့ချုပ်ပျက်စီးသည်ဟု မယူဆ၊ ပျက်စီးခြင်းမဟုတ်ဟု ဒေါ်အောင်ဆန်းစုကြည်၏မှာကြားချက်အတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ချမှတ်ထားသည့် နိုင်ငံရေးဦးတည်ချက်များအရ နိုင်ငံရေးဆက်လက်လုပ်ဆောင်သွားမည်ဟု အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြောသည်။
**(NEJ 310310)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လက်ရှိဆောင်ရွက်နေသော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ မြှင့်တင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းကပြောသည်။ **(BBC 310310)** Read More...
- ရန်ကုန်တိုင်း တာမွေမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်ခေါင်းဆောင် ကိုကျော်မျိုးနိုင်အား တာမွေမြို့နယ်တရားရုံးက တရားမဝင်အသင်းအဖွဲ့နှင့် ဆက်သွယ်မှုဖြင့် ယမန်နေ့က ထောင်ဒဏ် ၂ နှစ်ထပ်မံ၍ ချမှတ်လိုက်ပြန်သည်။ **(Mizzima 310310)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မြေပေါ်နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းခံရပါက ဒီမိုကရေစီအရေးကို အကြမ်းမဖက်နည်းဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဟု ပါတီထိပ်တန်းခေါင်းဆောင်များက ပြောသည်။ **(DVB 010410)** Read More...
- မှတ်ပုံမတင်ရန် ဆုံးဖြတ်ပြီးနောက်ပိုင်းတွင် ပါတီရှေ့လုပ်ငန်းစဉ်တွင် လူထုနှင့်ထိတွေ့မည့် လူမှုရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်ကာ ဆက်လက်ရပ်တည်သွားရန် အမျိုးသားဒီမိုကရေစီဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်နေသည်။
**(Mizzima 020410)** Read More...
- ရွေးကောက်ပွဲဥပဒေအချို့ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးမှုဖြင့် ထောင်ကျနေသူများအပေါ် ကန့်သတ်ချက်ကို ပြန်လည်ပြင်ဆင်ပေးရန် ပြည်တွင်းရှိ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ကတောင်းဆိုလိုက်သည်။ **(RFA 020410)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းအသီးသီးက ဥပဒေအထောက်အကူပြု အဖွဲ့များနှင့်အဖွဲ့ချုပ်ရုံးအဖွဲ့များ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အဖွဲ့ချုပ်ရုံးတွင် ယနေ့တွေ့ဆုံဆွေးနွေးမှုတစ်ရပ် ပြုလုပ်ခဲ့ကြသည်။ **(RFA 020410)** Read More...
- ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** က ရှေ့ဆက်ရပ်တည်ရေးနှင့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ယနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပပြုလုပ်ခဲ့ရာ **CRPP** အနေဖြင့် **NLD** ၏ရပ်တည်ချက်တိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း **CRPP** အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးတင်ဦးကပြောသည်။ **(DVB 020410)** Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ပါတီမှတ်ပုံမတင်ရေး **NLD** ပါတီ၏ နိုင်ငံလုံးဆိုင်ရာ ဗဟိုအစည်းအဝေး ဆုံးဖြတ်ချက်သည် မှန်ကန်သင့်လျော်သောကြောင့် ထောက်ခံကြိုဆိုကြောင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး **KNU** နှင့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) **SSA** တို့က ပြောကြားလိုက်သည်။ **(RFA 290310)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟု **NLD** မှ ကန့်သတ်သူမရှိ ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်းသည် မြန်မာပြည်သူလူထုဘက်မှ ပြတ်ပြတ်သားသားရပ်တည်သည့် သမိုင်းဝင်ဆုံးဖြတ်ချက်ဖြစ်ကြောင်းနှင့် ဆုံးဖြတ်ချက်အား အပြည့်အဝထောက်ခံကြောင်း အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု **NDF** က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(Kaowao 300310)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ဂ) ပြည်ပအင်အားစုများ

- အမေရိကန်ပြည်ထောင်စုအပါအဝင် ဖင်လန်၊ နယ်သာလန်၊ ဒိန်းမတ်နှင့် ဘယ်လ်ဂျီယမ် နိုင်ငံများတွင် ရောက်ရှိနေသော မြန်မာ့အရေးလှုပ်ရှားနေသည့်အဖွဲ့များ စုပေါင်း၍ ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်သပိတ်မှောက်ဆန္ဒပြမှုများကို ယခုလ ၂၇ ရက်နေ့မှစ၍ ကျင်းပပြုလုပ်သည်။ **(RFA 280310)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မှတ်ပုံမတင်ကြောင်း ဆုံးဖြတ်ချက်ကိုကြိုဆိုထောက်ခံကြောင်း တိုင်းရင်းသားလူမျိုးများကောင်စီ **ENC** က ပြောကြားလိုက်သည်။ **(DVB 310310)** Read More...
- **Joint Action Committee For Democratic Burma- JACDB** ပူးပေါင်းအဖွဲ့မှဦးဆောင်၍ သြစတြေးလျနိုင်ငံရောက်မြန်မာဒီမိုကရေစီအင်အားစုများက ရွေးကောက်ပွဲ ဥပဒေများကို ဖျက်သိမ်းပေးရန် ကင်ဘာရာမြို့ မြန်မာသံရုံးရှေ့၌ ယနေ့ဆန္ဒပြတောင်းဆိုကြသည်။ **(Mizzima 310310)** Read More...
- မကြာခင် စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲနှင့် ၂၀၀၈ ဖွဲ့စည်းပုံကို အသိအမှတ်မပြုသော်လည်း မြန်မာနိုင်ငံရေးထဲတွင် ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေသည့် တိုင်းရင်းသားများကိုလည်း ကန့်ကွက်မည်မဟုတ်ကြောင်း တိုင်းရင်းသားလူမျိုးများကောင်စီ **ENC** အကြံပေးပုဂ္ဂိုလ် ဦးဟန်ယောင်ဝေက ပြောကြားလိုက်သည်။ **(VOA 020410)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သည့်အနေဖြင့် သြစတြေးလျရောက် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားများနှင့် **ABSDF** ရဲဘော်များစုပေါင်း၍ **Camberra** မြို့မြန်မာသံရုံးရှေ့တွင် ယနေ့အပြင်းအထန် ရှုတ်ချဆန္ဒပြခဲ့ကြသည်။ **(KIC 020410)** Read More...

## အပစ်ရပ်အဖွဲ့အစည်းများ

### (က) နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- အပစ်ရပ်မွန်ပြည်သစ်ပါတီ ဗဟိုကော်မတီဝင်များ၏ ၂၀၁၀ ခုနှစ် ပုံမှန်အစည်းအဝေးတစ်ရပ်တွင် နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ပါတီ၏ဆုံးဖြတ်ချက်များ တစုံတရာ အပြောင်းအလဲမရှိ၊ ပါတီနှင့်တပ်ပိုင်း ဆက်လက်ရပ်တည်ရေးအတွက် ပေါ်ပေါက်လာသော နောက်အစိုးရသစ်နှင့်သာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာသွားမည်ဖြစ်သည်။ **(Kaowao 290310)** Read More...
- နယ်ခြားစောင့်တပ်အသွင်းပြောင်းရေးအတွက် မိုင်းလားတပ်ဖွဲ့အား နအဖ၏ စရဖအရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်မှ ခေါ်ယူတွေ့ဆုံ၍ ဧပြီလနောက်ဆုံးပတ်တွင် အဖြေပေးရန် (သို့မဟုတ်) မတရားအသင်းဖြစ်မည်ဟု ဖိအားပေးခဲ့ကြောင်း အမည်မဖော်လိုသည့် စစ်တပ်အသိုင်းအဝိုင်းမှဆိုသည်။ **(S.H.A.N 300310)** Read More...
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအတွက် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် ကိုယ်စားလှယ်များနှင့် နအဖစစ်ဖက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်တို့ မနက်ဖြန်တွင် ရှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့၌ တွေ့ဆုံကြမည်ဖြစ်ကြောင်း အပစ်ရပ်ခေါင်းဆောင်များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ **(NEJ 3103120)** Read More...
- မြန်မာစစ်အစိုးရနှင့်အပစ်ခတ်ရပ်စဲထားသည့် မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့်စစ်အစိုးရ အရှေ့တောင်တိုင်း တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းတို့ မကြာသေးခင်က တွေ့ဆုံခဲ့ကြကာ နအဖဘက်က ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မွန်ပြည်သစ်ပါတီကို တိုက်တွန်းခဲ့သော်လည်း မွန်ပြည်သစ်ပါတီအနေဖြင့် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်သကဲ့သို့ နယ်ခြားစောင့်တပ်အသွင်လည်း ပြောင်းမည်မဟုတ်ကြောင်း ပါတီပြောခွင့်ရ နိုင်ချေးမွန်က ပြောသည်။ **(VOA 020410)** Read More...
- အကြိမ်ကြိမ်ညှိနှိုင်း၍အဖြေမထွက်သေးသော နယ်ခြားစောင့်တပ်အသွင်ပြောင်းလဲဖွဲ့စည်းရေးကို ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** အား နအဖက ဧပြီလ ၂၈ ရက်နေ့နောက်ဆုံးထား ဆုံးဖြတ်ပေးရန် ထပ်မံဖိအားပေးတောင်းဆိုလိုက်သည်။ **(KNG 020410)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် **(DKBA)** ကို နယ်ခြားစောင့်တပ် အသွင်ပြောင်းသည့်အခါ အရင်သဘောတူထားချက်များကို ပယ်ဖျက်ကာ တပ်နယ်မှူးအဆင့်အထိ အမြင့်ဆုံးပေးတော့မည်ဟု အကြောင်းကြားလာခဲ့ကြောင်း အမည်မဖော်လိုသည့် **DKBA** ဗိုလ်မှူးတစ်ဦးက ပြောသည်။ **(DVB 020410)** **Read More...**
- နယ်ခြားစောင့်တပ်အသွင်းပြောင်းရေးနှင့်ပတ်သက်၍ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **UWSA** ကို ဧပြီလ ၂၂ ရက်နေ့ နောက်ဆုံးထား အကြောင်းပြန်ရန် နအဖဘက်က အကြောင်းကြားလာကြောင်း ဝ အရာရှိတစ်ဦးက ပြောသည်။ **(RFA 030410)** **Read More...**

## (ခ) နယ်ခြားစောင့်တပ် အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- နယ်ခြားစောင့်တပ် အသွင်ပြောင်းပြီးသည့် သျှမ်းပြည်မြောက်ပိုင်း ကိုးကန့်အထူးဒေသ (၁) လောက်ကိုင်မြို့၌ ကိုးကန့်လက်နက်ကိုင် ပြောက်ကျား (၇) ဦး မတ်လ ၂၇ ရက်နေ့က ဖမ်းဆီးခံရကြောင်း ကိုးကန့်အဖွဲ့နှင့် နီးစပ်သူများကပြောသည်။ **(S.H.A.N 300310)** **Read More...**
- ထိုင်း–သျှမ်းနယ်ခြားအခြေစိုက် လားဟူပြည်သူ့စစ်တပ်ဖွဲ့အား ယမန်နေ့နယ်ခြားစောင့်တပ်ရင်းအဖြစ် အသွင်ပြောင်းအခမ်းအနားသို့ စရဖအရာရှိချုပ် ဒု–ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် သျှမ်းပြည်တိုင်းချုပ် ဒု–ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့ တက်ရောက်ဖွင့်လှစ် တာဝန်အပ်နှင်းခဲ့သည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 310310)** **Read More...**
- ဦးဖုန်ကြားရှင်ခေါင်းဆောင်သော မြန်မာနိုင်ငံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် **MNDAA** ကို မြန်မာစစ်အစိုးရတပ်များက ဝင်ရောက်တိုက်ခိုက်ပြီး ၇ လတိတိရှိသွားပြီဖြစ်သော်လည်း ဒေသတွင်းတည်ငြိမ်မှုမရှိသေးကြောင်း ဒေသခံများက ပြောသည်။ **(RFA 310310)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

## (က) အစိုးရများ

- ၂၀၁၀ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တခြားပါဝင်ယှဉ်ပြိုင်ထိုက်သူများ ပါဝင်ခွင့်မပေးပါက မြန်မာနိုင်ငံကိုပေးနေသည့် အကူအညီငွေများ ထပ်ပေးတော့မည်မဟုတ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကတ်ဆုယာ အိုကာဒါ **(Katsuya Okada)** က ပြောကြားလိုက်သည်။ **(VOA 280310)** **Read More...**
- မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲသည် နိုင်ငံရေးအရ ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး ပါဝင်ခွင့်ပေးကာ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်ရမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ပြောကြားလိုက်သည်။ **(NEJ 290310)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က ရွေးကောက်ပွဲကို မဝင်ကြောင်း ဆုံးဖြတ်လိုက်ခြင်းသည် စစ်အစိုးရဘက်က နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် ဆန္ဒမရှိခြင်းကို ထင်ဟပ်ပြသလိုက်ခြင်းဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရသူ **(P.J Crowley)** က ပြောကြားလိုက်သည်။ **(VOA 290310)** **Read More...**
- အမေရိကန်နိုင်ငံ အရှေ့တောင်အာရှဒေသ ဒု–လုံခြုံရေးတာဝန်ခံ ဒု–ဗိုလ်ချုပ်ကြီး ဝေါလစ်ဂရေဆန်နှင့် ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန်လက်ထောက်သံအမတ်ကြီးတို့သည် မယ်လဒုက္ခသည်စခန်းသို့ လာရောက်ရာတွင် အမေရိကန်နိုင်ငံသို့ သွားရောက်အခြေချမည့်သူများ၏ အခြေအနေမှန်ကိုလေ့လာပြီး စခန်းတာဝန်ရှိသူများကို ၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်သော သဘောထားများကို မေးမြန်းခဲ့သည်။ **(NEJ 310310)** **Read More...**
- အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် အခွင့်အခါကောင်းများကို မြန်မာအစိုးရက အလကားဖြုန်းတီးပစ်နေသည့်အတွက် ဝမ်းနည်းရပါကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောဆိုလိုက်သည်။ **(DVB 310310)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာစစ်အစိုးရ ကျင်းပပေးမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုကြောင်း ဆုံးဖြတ်လိုက်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ထောက်ခံချီးကျူးကြောင်း **Indian Parliamentarians Forum for Democracy in Burma (IPFDB)** ခေါ် မြန်မာ့ဒီမိုကရေစီဆိုင်ရာ အိန္ဒိယပါလီမန်အမတ်များက ပြောကြားလိုက်သည်။ **(Mizzima 310310)** **Read More...**
- အမေရိကန်သမ္မတအနေဖြင့် ပြဋ္ဌာန်းပြီးသော ဥပဒေများအရ မြန်မာစစ်အစိုးရအပေါ် ပိတ်ဆို့အရေးယူမှုများ ပိုမိုထိရောက်ရန်အတွက် ဆောင်ရွက်ပေးပါရန် အမေရိကန်အထက်လွှတ်တော် ၉ ဦးက သမ္မတ **Barack Obama** ကို တောင်းဆိုလိုက်သည်။ **(RFA 310310)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရွေးကောက်ပွဲမဝင်ရန် ဆုံးဖြတ်ချက်ချမှတ်လိုက်သည့်အတွက် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိရန် ခက်ခဲသွားနိုင်ကြောင်း စင်္ကာပူနိုင်ငံခြားရေးဌာနက ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(RFA 310310)** **Read More...**
- မြန်မာပြည်သို့ (၂) ရက်ကြာသွားရောက်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး **Mr. Marty Natalegawa** က မြန်မာစစ်အစိုးရအနေဖြင့် ကတိပေးထားသည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပါဝင်သင့်သူများအားလုံးကို ပါဝင်ခွင့်ပေးပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲကျင်းပပေးရန် နအဖစစ်အစိုးရကို တိုက်တွန်းလိုက်သည်။ **(RFA 010410)** **Read More...**
- ဒေါ်အောင်ဆန်းစုကြည် ပါဝင်ခွင့်မရရန် ကန့်သတ်ထားသည့် မြန်မာနိုင်ငံရွေးကောက်ပွဲ ဥပဒေနှင့်ပတ်သက်၍ လာမည့်အပတ်ထဲတွင် အာဆီယံနိုင်ငံဝန်ကြီးများနှင့် ခေါင်းဆောင်များက ဗီယက်နမ်နိုင်ငံ ဟန္နိုင်မြို့တွင် ကျင်းပမည့် အစည်းအဝေး၌ ဆွေးနွေးရန်ရှိကြောင်း အာဆီယံရေးရာ ညွှန်ကြားရေးမှူး **Vitavas** က ပြောသည်။ **(RFA 010410)** **Read More...**
- မြန်မာနိုင်ငံ၌ ပြုလုပ်မည့်ရွေးကောက်ပွဲတွင် နိုင်ငံရေးအတိုက်အခံအားလုံးနှင့် တိုင်းရင်းသားလူမျိုးစုများကိုပါ ပါဝင်ခွင့်ပေးရန် ထိုင်းအစိုးရအနေဖြင့် မြန်မာစစ်အစိုးရကို ဖိအားပေးပြောဆိုသွားမည်ဟု ထိုင်းနိုင်ငံခြားရေးဝန် ကြီး ကဆစ်ဖိရုန်က ပြောကြားလိုက်သည်။ **(NEJ 020410)** **Read More...**
- နအဖရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးတို့ကို ဥရောပသမဂ္ဂ **EU** က နာမည်ပျက်စာရင်းတွင် ထည့်သွင်းလိုက်ပြီဖြစ်သည်။ **(Mizzima 020410)** **Read More...**
- မြန်မာစစ်အစိုးရ၏ ရွေးကောက်ပွဲတွင် ပါဝင်သင့်ပါဝင်ထိုက်သူ လူပုဂ္ဂိုလ်များအားလုံးကို ပါဝင်ခွင့်ပေး၍ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်ပေးရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် နိုင်ငံတကာပါလီမန် အမတ်များသမဂ္ဂ **IPU** က တောင်းဆိုလိုက်သည်။ **(RFA 020410)** **Read More...**
- မြန်မာနိုင်ငံတွင် စစ်အစိုးရမှကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် နိုင်ငံရေးအတိုက်အခံအင်အားစုများနှင့် တိုင်းရင်းသားအားလုံး ပါဝင်နိုင်ခွင့်ရရေးကို လိုလားကြောင်း ထိုင်းအစိုးရနှင့် ပြင်သစ်အစိုးရတို့က ထပ်မံတောင်းဆိုလိုက်သည်။ **(VOA 020410)** **Read More...**

## အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- မြန်မာပြည်တွင်းက လူ့အခွင့်အရေး ချိုးဖောက်မှုများသည် စနစ်တကျ ကျူးလွန်နေသည့်လုပ်ရပ် ဖြစ်သကဲ့သို့ လူသားထုအပေါ် ကျူးလွန်သည့်ရာဇဝတ်မှုမြောက်ကြောင်းကို အာဆီယံ လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အသိအမှတ်ပြုလက်ခံစဉ်းစားကာ မြန်မာအာဏာပိုင်များကို အရေးယူဆောင်ရွက်ပေးရန် အာဆီယံနှင့် မြန်မာဆိုင်ရာပူးတွဲလုပ်ငန်းအဖွဲ့ **T.F.A.B** က တိုက်တွန်းတောင်းဆိုလိုက်သည်။ **(RFA 280310)** **Read More...**
- အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အာဆီယံအသင်းကြီး၏ ဦးဆောင်နိုင်ငံတစ်နိုင်ငံပီပီ မြန်မာနိုင်ငံရွေးကောက်ပွဲ အခြေအနေကို ပိုမိုပြင်းပြင်းထန်ထန် ဖိအားပေးပြောဆိုသင့်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်အခြေစိုက် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ **(HRW)** က တိုက်တွန်းတောင်းဆိုလိုက်သည်။ **(VOA 290310)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာစစ်အစိုးရသည် အမေရိကန်အစိုးရ၏ လက်ရှိမြန်မာနိုင်ငံအပေါ် ပြောင်းလဲကျင့်သုံးလာသော နှစ်နိုင်ငံထိတွေ့ဆက်ဆံရေးနှင့် နိုင်ငံခြားရေးမူဝါဒအသစ်ကို အခွင့်ကောင်းယူကာ ယခုနှစ်နှောင်းပိုင်းတွင် ကျင်းပမည့် အငြင်းအပွားဖွယ်ရာရွေးကောက်ပွဲအား မှန်ကန်တရားမျှတသယောင်ဖြစ်အောင် ပြုလုပ်လာနိုင်ကြောင်း နယူးယောက်အခြေစိုက် အာရှလူ့ဘောင်ပညာရှင်အဖွဲ့က အစီရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်သည်။ **(DVB 310310)** **Read More...**

အခြားအင်အားစုများ

- နိုင်ငံရေးပါတီဖွဲ့စည်းရန် ပြင်ဆင်နေသူများက စစ်အစိုးရထုတ်ပြန်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့်နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်း ဥပဒေများတွင် ပါတီသစ်များအနေဖြင့် မည်သည့်နေ့နောက်ဆုံးထား မှတ်ပုံတင်လျှောက်ထားရမည် ဆိုသည့်အချက် မပါရှိသဖြင့် ပါတီသစ်အဖြစ် မှတ်ပုံတင်မည့်သူများမှ မေးမြန်းရာတွင် နအဖကပြန်လည်ဖြေဆိုခြင်းမရှိခြင်းကြောင့် ၎င်းတို့ပါတီမှတ်ပုံတင်ရန်အတွက် အခက်ကြုံနေရသည်။ **(NEJ 290310)** **Read More...**
- တရားဝင်ပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရန် ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားဆဲကာလ၌ပင် စစ်အစိုးရနှင့် နီးစပ်သည်ဟု စွပ်စွဲခံရသည့် ဦးရဲထွန်းခေါင်းဆောင်သော ၈၈ မျိုးဆက်ကျောင်းသားများ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးအေးလွင်ခေါင်းဆောင်သော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်တို့က နိုင်ငံရေးတရားဟောခြင်းနှင့်ပါတီစည်းရုံးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။ **(Irrawaddy 290310)** **Read More...**
- ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစု (ရခိုင်ပြည်နယ်) ဟု အမည်ပေးထားသည့် ပါတီကို မှတ်ပုံတင်ရန်အတွက် ခေါင်းဆောင်ပိုင်းဆွေးနွေးမှုများ ပြုလုပ်နေပြီး လာမည့်လအတွင်း မှတ်ပုံတင်သွားမည်ဟု ပါတီဉက္ကဋ္ဌ ဦးအေးကြိုင်ကပြောသည်။ **(Mizzima 310310)** **Read More...**
- ကရင်တိုင်းရင်းသားများ ဖွဲ့စည်းထားသည့် **(Kayin People's Party -KPP)** ကရင်ပြည်သူ့ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယမန်နေ့က မှတ်ပုံတင်ရန် လျှောက်ထားကြောင်း ပါတီအဖွဲ့ဝင်များက ပြောသည်။ **(Irrawaddy 010410)** **Read More...**
- ဝါရင့်ရှမ်းနိုင်ငံရေးသမားကြီး ဦးရွှေအုံး ဦးဆောင်သည့်ပြည်ထောင်စု ဒီမိုကရေစီမဟာမိတ်အဖွဲ့နှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ဟောင်းများ ပါဝင်သည့် လူထုဒီမိုကရေစီပါတီတို့ ပူးပေါင်းကာ ပြည်ထောင်စုဒီမိုကရေစီပါတီအဖြစ် ထူထောင်မည်ဖြစ်ကြောင်း ယနေ့ဆုံးဖြတ်လိုက်သည်ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ဟောင်း ကိုဖြိုးမင်းသိန်းက ပြောသည်။ **(DVB 020410)** **Read More...**
- မွန်ပြည်သူတို့အား ကိုယ်စားပြု၍ ၂၀၁၀ ရွေးကောက်ပွဲဝင်ရေး မဝင်ရေးဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဖွဲ့စည်းထားသည့် မွန် ၁၅ ဦးကော်မတီတို့က ရွေးကောက်ပွဲကို ပါတီဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း ယမန်နေ့က ဆုံးဖြတ်လိုက်ကြောင်း ကော်မတီဝင်တစ်ဦးက ပြောသည်။ **(NEJ 020410)** **Read More...**
- ၁၉၉၀ ပြည့်နှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲရလဒ်ကို ပြီးဆုံးအောင် အကောင်အထည်ဖော်ရန် လိုအပ်နေ သေးသဖြင့် ၉၀ ခုနှစ်တွင် ရုံးနိမ့်ခဲ့ပြီး ဖျက်သိမ်းခံထားရသည့် ဝန်ကြီးချုပ်ဟောင်း ဦးနုဦးဆောင်ခဲ့သော ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ချုပ် (ဒီငြိမ်း) ပါတီဝင်ဟောင်းများက ယခုရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။ **(DVB 030410)** **Read More...**
- ပအိုဝ်းအမျိုးသား ဦးအောင်ခမ်းထီဦးဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်သည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဧပြီလ ၂ ရက်နေ့က ပါတီမှတ်ပုံတင်ရန် လျှောက်လွှာတင်ခဲ့သည်။ (**DVB 030410)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- နအဖစစ်ခေါင်းဆောင်များ ကျင်းပမည့်ရွေးကောက်ပွဲကို မြန်မာပြည်သူအများလက်ခံမည်မဟုတ်ဟု တွေ့မြင်နေရကြောင်း မြန်မာ့အရေးကျွမ်းကျင်သူ အမေရိကန်ပြည်ထောင်စု ရပ်ဂါးတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ **Josef Silverstein** က ပြောဆိုလိုက်သည်။ **(RFA 020410)** **Read More...**
- ရွေးကောက်ပွဲများနှင့် နှစ်ပေါင်း ၂၀ ကင်းဝေးနေခဲ့ပြီးနောက်ပိုင်း ယခု ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် ပြည်ထောင်စုရွေးကောက်ပွဲကို ပါဝင်ဝင်ဆင်နွှဲရန် ပြည်သူအတွက် စိတ်ဝင်စားဖွယ်ဖြစ်နေသကဲ့သို့ အမြင်အာရုံချို့ယွင်းနေသူမျက်မမြင်များလည်း ရွေးကောက်ပွဲနှင့်ပတ်သက်၍ စိတ်လှုပ်ရှားနေကြသည်။ **The Myanmar Times** အတွဲအမှတ် (၂၃၊ အမှတ် ၄၅၉) **Read More...**

## မီဒီယာများ

- ၂၀၁၀ ရွေးကောက်ပွဲ ဥပဒေထုတ်ပြန်ကြေညာလိုက်ပြီးနောက် ရွေးကောက်ပွဲအကြောင်း သတင်းဆောင်းပါးများကို ပုဂ္ဂလိကပိုင် မီဒီယာများက ရေးသားကြရာတွင် စာပေစိစစ်ရေးက စနစ်တကျဖတ်ရှုကာ ဖြတ်တောက်ကြောင်း စာပေစိစစ်ရေးမှ စာစစ်မှူးတစ်ဦးက ပြောသည်။ **(NEJ 290310)** **Read More...**

---

***End of report/ Saturday, March 27, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---